
F. Deckel-München
COMPUR
ထင်ရှား
ဒစ်ဂျစ်တယ် ခံတပ်
စာစဥ် - ၁၀

## အခန်း (၅၂)

"မော်ဆရာ"ဟု အမိပ္ပာယ်ရသည့် ကလပ် ဖားမုထိက အမှတ် ၂၇ လိုင်းကား၏ အဆုံးရှိ ကော့ကလို့င်မြို့ ဆင်ခြေဖုံးရပ်ကွက်များ အကြားတွင် တည်ရှိသည်။ ကော့ကလို့င်မြို့မှာ ဖူးခက်ကျွန်းမှ ဆာရာဆင်တံတားကြီးကို ဖြတ်၍ ထိုင်းပြည်မကြီးဘက်သို့ ကူးကူးချင်း တွေ့ရမည့် ဖန်ငါးပြည်နယ်မှ ကမ်းခြေမြို့တစ်ခုဖြစ်သည်။ ကလပ်မှာ အက ကလပ်တစ်ခုနှင့်မတူဘဲ ခံတပ်ကြီးတစ်ခုနှင့်ပင် တူနေသည်။ ကလပ်ကို မြင့်မားသော အင်္ဂတေနံရံကြီးများဖြင့် ဘက်ပေါင်းစုံမှ ကာရံထားသည့်အပြင် အဆိုပါ နံရံပေါ်တွင် ဘီယာပုလင်းကွဲများကို မြှုပ်ထားသေးသည်။ အပြင်မှ တစ်စုံတစ်ယောက် ခိုးဝင်ချင်လျှင် အသားစ တစ်စ နှစ်စ မပဲ့မရှဘဲ ဝင်၍ မရနိုင်သည့် ခပ်ကြမ်းကြမ်း လုံခြုံရေးစနစ်မျိုးဖြစ်သည်။

ကားပေါ်တွင် လိုက်လာစဉ်တစ်လျှောက်လုံး သူ မအောင်မြင်ခဲ့ ဟူသော အချက်ကို မိုးထက်မင်း သူ့ကိုယ်သူ အကြိမ်ကြိမ် နားချလာခဲ့သည်။ ဦးကျော်ထင်အား သတင်းဆိုး ပြောပြရန်အတွက် ဖုန်းခေါ်ရမည့် အချိန် ရောက်လာခဲ့ပေပြီ။ သူ၏ လက်စွပ်ရှာပုံတော်က မျှော်လင့်ချက်မရှိတော့။ သူလုပ်နိုင်သမျှ အကောင်းဆုံး လုပ်ခဲ့ပြီးပြီ။ ယခုမူကား အိမ်ပြန်ချိန်တန်ပြီ မဟုတ်ပါလား။

သို့သော် ယခုမူ ကလပ်၏ ဝင်ပေါက်တွင် တိုးဝှေ့ဝင်ထွက်နေကြသော ညှော်သည်အုပ်ကြီးကို ကြည့်ကာ သူ့အသိစိတ်က လက်စွပ်ရှာပုံတော်ကို လက်လျှော့ခွင့် ပေးမည် မပေးမည်ကို မိုးထက်မင်း မသေမချာ ဖြစ်လာ

သည်။ သူမြင်ဖူးသမျှ အကြီးမားဆုံး ပန်းအုပ်စုကြီးကို သူငေးကြည့်နေခြင်း ဖြစ်၏။ အားလုံးက အနီ၊ အဖြူနှင့် အပြာရောင် ဆံပင်များနှင့် နေရာတိုင်း တွင် ပြည့်နှက်နေသည်။

မိုးထက်မင်း သူလုပ်လို့ရနိုင်သည်များကို တွက်ဆရင်း သက်ပြင်းချ လိုက်၏။ သူ လူအုပ်ကြီးကို ကြည့်ပြီး ပုခုံးတွန့်လိုက်သည်။

**~စနေနေ့ ညကြီးမှာ ဒီနေရာကလွဲလို့ ဒီကောင်မလေး တခြားဘယ် နေရာ သွားစရာ ရှိမှာလဲ~**

ယခုထိရောက်မလာသော ကံကောင်းခြင်းကို သူကျိန်ဆဲလိုက်ပြီး မိုးထက် မင်း ဘက်စ်ကားပေါ်မှ တွယ်ဆင်းလိုက်သည်။

ကလပ် ဖားမုထ်၏ ဝင်ပေါက်မှာ ကျဉ်းမြောင်းသော ကျောက်သား စင်္ကြံ တစ်ခုဖြစ်သည်။ မိုးထက်မင်း ဝင်လိုက်လျင် ဝင်လိုက်ချင်းတွင် အတွင်းသို့ ဇွတ်တိုးနေသော စိတ်အားထက်သန်နေသည့် ဧည့်သည်အုပ်ကြီးနှင့် ညပ် ကာ ပါသွားလေသည်။

"ငါ့ရှေ့ကဖယ်စမ်း ဂန်ဒူး"

အပ်ချုပ်ဆိုင်မှ ပင်အပ်ထိုးသော ဖော့တုံးအလား အပေါက်ဗလပွ ဖြစ်နေ သော မျက်နှာဖြင့် လူတစ်ဦးက သူ့အား တွန်းထိုး၍ ကျော်တက်သွားသည်။ ဘေးမှဖြတ်သွားစဉ် မိုးထက်မင်းအား တံတောင်စာကျွေးသွားသေး၏။

"လည်စည်းက မိုက်တယ်နော်"

အခြားတစ်ဦးက မိုးထက်မင်း၏ လည်စည်းကို အတင်းဆွဲ၍ ရမ်းသွား သည်။

"ကျွန်မနဲ့ အိပ်ချင်လား"

ဆယ်ကျော်သက်မိန်းကလေး တစ်ဦးက ဇုမ်ဘီဇာတ်ကားထဲမှ ထွက်လာ

သည့်အလား သူ့အား စူးစူးဝါးဝါး စိုက်ကြည့်နေသည်။

စကြံ၏ အမှောင်ရိပ်မှ ထွက်လာသောအခါ အရက်နံ့နှင့် ချွေးနံ့များ ထုံလွှမ်းနေသော ဧရာမ အင်္ဂတေ ခန်းမကြီးအတွင်းသို့ ရောက်လာလေသည်။ မြင်ကွင်းမှာ အိပ်မက်ဆန်ဆန် ဖြစ်နေသည်။ ရာပေါင်းများစွာသော လူ့ကိုယ်ခန္ဓာများက တစ်ညီတစ်ညာတည်း လှုပ်ရှားနေရာ လှိုဏ်ဂူကြီးထဲသို့ ရောက်နေသည့်အလား ဖြစ်၏။ လက်များကို ကိုယ်ဘေးတွင် ဖိကပ်ထားကြပြီး ခေါင်းများက တောင့်တင်းသော ကြောရိုးများပေါ်တွင် အသက်မဲ့ မီးသီးများ တပ်ထားသလို ခေါင်းများကို အပေါ်အောက် ရမ်းခါလျက် နိမ့်လိုက်မြင့်လိုက် လှုပ်ရှားနေကြသည်။ ရှူးကြောင်ကြောင် လူများက စတိတ်စင်ပေါ်မှနေ၍ အောက်ရှိ လူပင်လယ်ကြီးထဲသို့ ပြေး၍ ခုန်ချကြသည်။ ၎င်းတို့၏ ကိုယ်လုံးများကို ဘောလုံးများသဖွယ် အရှေ့နှင့် အနောက် လက်ဆင့်ကမ်းနေကြသည်။ ခေါင်းပေါ်မှ တဖြတ်ဖြတ်လင်းနေသော ရိုးတိုးရိတ်တိတ် အလင်းရောင်များကြောင့် မြင်ကွင်းတစ်ခုလုံးက ရှေးဟောင်းအသံတိတ် ရုပ်ရှင်တစ်ခုကို ကြည့်နေရသလို ဖြစ်နေသည်။

အဝေးတစ်ဖက်ရှိ နံရံတွင် ကပ်လျက်ရှိနေသည်ကား ဗင်ကားတစ်စီး၏ အရွယ်အစားမျှ ရှိသည့် ဆောင်းဘောက်ကြီးများဖြစ်ပြီး တာဝန်ကျေပါသည်ဆိုသော အကသမားများပင် တဒုံးဒုံးမြည်နေသည့် အဆိုပါ ဝူဖာဆောင်းဘောက်ကြီးများနှင့် ပေသုံးဆယ်ထက်ပို၍ မကပ်နိုင်ကြပေ။

မိုးထက်မင်း သူ့နားကို လက်ညှိုးဖြင့် ထိုးပိတ်ထားပြီး လူအုပ်ကြီးထဲတွင် လိုက်ရှာတော့၏။ သူကြည့်လိုက်သည့် နေရာတိုင်းတွင် အနီ၊ အဖြူနှင့် အပြာရောင်ရှိသော ခေါင်းတစ်လုံးတော့ တွေ့ရမြဲဖြစ်နေသည်။ တစ်ဦးနှင့်တစ်ဦးမှာ တိုးဝှေ့ပူးကပ်နေကြသဖြင့် အဝတ်အစားကိုမူ သူမမြင်နိုင်။ ဗြိတိသျှ အလံနှင့် ခပ်ဆင်ဆင် တူသည့်အင်္ကျီကိုပင် မတွေ့ရပေ။ အနင်းအ

ကန် မခံရဘဲ ဤလူအုပ်အတွင်းသို့ ဝင်ရန် မဖြစ်နိုင်ကြောင်း အလွန်ပင် သိသာလွန်းလှသည်။ သူ့အနီးနားတွင် လူတစ်ယောက်က ထိုး၍ အန် လိုက်၏။

~**သာယာလိုက်တဲ့ ညနေလေးပါလားဟေ့**~ မိုးထက်မင်း ညည်းတွား လိုက်မိသည်။ စပရေးဘူးဖြင့် ပုံများရေးဆွဲထားသော ဆောင်ကူးလမ်း အတိုင်း သူထွက်လာခဲ့သည်။

ဆောင်ကူးလမ်းမှ တဖြည်းဖြည်းနှင့် ကြည့်မှန်များ အပြည့်တပ်ဆင်ထား သည့် ကျဉ်းမြောင်းသော ဥမင်တစ်ခု အဖြစ်သို့ ပြောင်းသွားပြီး နောက်ဆုံး တွင် စားပွဲများ၊ ကုလားထိုင်များဖြင့် ခင်းကျင်းထားသော အပြင်ဘက် လေဟာပြင်သို့ ရောက်သွားသည်။ ထိုလေဟာပြင်မှာ ပန့်ရော့ကာများဖြင့် ပြည့်နှက်နေသော်လည်း မိုးထက်မင်းအတွက်မူ ရှမ်ဘဲလားသို့ ဝင်ပေါက် အလား ထင်မှတ်မိတော့၏။ နွေရာသီ၏ ကောင်းကင်ပြင်ကြီးကို သူ့ခေါင်း ထက်တွင် အကာအကွယ်မဲ့ မြင်နေရပြီး ဂီတသံကလည်း တိုးညင်းစွာသာ ကြားရတော့သည်။

စူးစမ်းသော အကြည့်စူးစူးများကို လျစ်လျူရှုကာ မိုးထက်မင်း လူအုပ်ထဲ သို့ လမ်းလျှောက်ဝင်သွားလိုက်၏။ အနီးဆုံး လူမရှိသည့် စားပွဲတစ်ခုရှိ ထိုင်ခုံပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်ကာ လည်စည်းကို ဆွဲ၍ ဖြည် လျှော့လိုက်သည်။ ဦးကျော်ထင်နှင့် မနက်စောစောက ဖုန်းပြောခဲ့ရသည်မှာ တစ်သက်လောက်ပင် ကြာခဲ့ပြီဟု ထင်မှတ်ရ၏။

စားပွဲပေါ်ရှိ ဘီယာပုလင်းအခွံများကို ရှင်းပြီးသည့်နောက်တွင် မိုးထက် မင်း သူ့လက်များပေါ်တွင် ခေါင်းတင်၍ မှောက်ချလိုက်သည်။

~**ခဏလေးတော့ မှေးလိုက်ဦးမယ်**~ ဟု သူတွေးလိုက်သည်။

***

ငါးမိုင်ခန့် အကွာတွင်မူ ကျေးလက်လမ်းများအတိုင်း တဟုန်ထိုး မောင်းနှင်လာသော တိုယိုတာအငှားကား၏ နောက်ခန်းတွင် ရွှေကိုင်းတပ်မျက်မှန်နှင့် လူ လိုက်ပါလာသည်။

"ဖားမုထ်"

သူတို့သွားမည့် နေရာကို ကားဆရာကို သတိပေးလိုက်ရင်း သူတီးတိုးပြောလိုက်သည်။

ကားဆရာက နောက်ကြည့်မှန်မှတစ်ဆင့် ထူးဆန်းသော သူ၏ ခရီးသည်အသစ်ကို ကြည့်ရင်း ခေါင်းညိတ်ပြသည်။

"ဖားမုထ်" သူတစ်ဦးတည်း ရေရွတ်နေသည်။ "ကြောင်တောင်တောင်အဖွဲ့တွေ အဲဒီမှာ ညတိုင်း ရှိတယ်"

***